
# SAFETY NETS



## ဘေးကင်းလုံခြုံစေသော စောင့်ရှောက်မှု–
## တာ့(ခ်)ခရိုင်တွင်ရှိသော ရွှေ့ပြောင်းကလေးများအတွက် ကျောင်းပြင်ပပညာရေး အခြေအနေအပေါ် ခြုံငုံသုံးသပ်ချက်

စီမံကိန်း၏အနှစ်ချုပ်

ဧပြီလ ၂၀၂၂

help without frontiers
มูลนิธิ ช่วย ไร้พรมแดน
Teacher FOCUS

# စီမံကိန်း၏အနှစ်ချုပ်

**၂၀၁၄ ခုနှစ်မှစ၍ တာ့(ခ်) ခရိုင်ရှိ ရွှေ့ပြောင်းကျောင်းများတွင် စတင်ဖွင့်လှစ်ခဲ့သော ပညာရေးလမ်းကြောင်းများဖြစ်သည့် ကျောင်းပြင်ပ မူလတန်း ပညာရေး (NFPE) နှင့် ကျောင်းပြင်ပ အလယ်တန်း ပညာရေး (NFME) တို့သည် အရွယ်လွန်သော ကလေးနှင့် လူငယ် ၃၅၀၀ အထက်အတွက် ဘေးကင်းလုံခြုံစေသော စောင့်ရှောက်မှုကိုပေးပြီး၊ သူတို့အတွက် ဒုတိယအကြိမ် ပညာရေး အခွင့်အလမ်းကိုလည်း ဖန်တီးပေးခဲ့ပါသည်။** ယခုလက်ရှိတွင်၊ ကျောင်းသူ/သား ၂၅၁ ဦး ပညာသင်ယူနိုင်သောကြောင့် ဤပရိုဂရမ်များကို ကျေးဇူးတင်ပါသည်။ ဤသုတေသနပြုချက်သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် NFPE/NFME ကျောင်းသူကျောင်းသား ၈၆ ဦး၊ သူတို့၏မိဘများနှင့် သူတို့၏ဆရာ/မများ အပါအဝင် ကျောင်းပြင်ပ ပညာရေးနှင့် သက်ဆိုင်သူ ၁၆၆ ဦးကို စကားပြောဆိုမေးမြန်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များသည် ကျောင်းတွင်းပညာရေးစနစ်များမှတစ်ဆင့် ပညာရေးအခွင့်အလမ်း ဆုံးရှုံးခဲ့ရပြီး ထိခိုက်လွယ်သော ကလေးများနှင့် လူငယ်များ၏ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်သော စနစ်တစ်ခုကို ဖန်တီးရန်အတွက် လွန်ခဲ့သော ၈ နှစ်အတွင်း ပြင်းထန်သော ကြိုးပမ်းအားထုတ်မှုများကို မီးမောင်းထိုးပြခဲ့ပါသည်။ ထိုကြိုးပမ်းအားထုတ်မှုများသည် အားလုံး ပါဝင်နိုင်ခြင်း၊ လိုက်လျောညီထွေမှုရှိခြင်း၊ လက်တွေ့ကျခြင်း၊ အရှိန်အဟုန်မြှင့်တင်ပေးခြင်းနှင့် အသိအမှတ်ပြုခံရခြင်းအဖြစ် ကျောင်းဒါရိုက်တာများ၊ ဆရာဆရာမများ၊ မိဘများနှင့် ကလေးများ အလွန်တန်ဖိုးထားရသော စနစ်တစ်ခုကို ဖန်တီးပေးခဲ့ပါသည်။

**၂၀၂၀ ခုနှစ် မတ်လမှစ၍ COVID-19 ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ပညာရေးစနစ်များကို ဖျက်ဆီးခဲ့ပြီးဖြစ်သော်လည်း အသိအမှတ်ပြုခြင်းမခံရသောပညာသင်ကြားသူများကမူ အချိုးမညီစွာ ခံစားခဲ့ရသည်။** NFPE/NFME ပညာရေးဝန်ဆောင်မှုပေးသူများသည် ကျောင်းသူ/သားများ၏ ပညာသင်ယူနိုင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် သင်ကြားမှုပုံစံအသစ်များသို့ ပြောင်းလဲနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

သို့သော်၊ လူစုလူဝေးအပေါ် ကန့်သတ်ချက်များသည် ကျောင်းသား၏ အနီးကပ်ရှိနေနိုင်ချိန်ကို ပြင်းထန်စွာကန့်သတ်ထားပြီး၊ ဒစ်ဂျစ်တယ်ကိရိယာများမရှိခြင်းနှင့် ဈေးသက်သာပြီး ယုံကြည်စိတ်ချရသောအင်တာနက်မရှိခြင်းများသည်လည်း တရားမျှတမှုရှိသော အွန်လိုင်းသင်ယူမှုအတွက် အဓိကအတားအဆီးများဖြစ်ခဲ့သည်။

**2021 ခုနှစ် ဖေဖော်ဝါရီလမှစသော မြန်မာ့နိုင်ငံရေး အကျပ်အတည်းသည် တာ့(ခ်)ခရိုင်တွင် NFPE/NFME ဆက်လက်လုပ်ဆောင်နိုင်ရေး၊ မလုပ်ဆောင်နိုင်ရေးအတွက် မေးခွန်းထုတ်စရာဖြစ်လာပါသည်။** မြန်မာနိုင်ငံရှိ အစားထိုးပညာရေးဌာန (DAE) ထံမှ နည်းပညာ၊ သင်ထောက်ကူပစ္စည်းနှင့် ငွေကြေးထောက်ပံ့မှု ဆုံးရှုံးခြင်းတို့ကြောင့်၊ NFPE/NFME ပညာရေးဝန်ဆောင်မှုပေးသူများသည် သင်တန်း၊ ဖတ်စာအုပ်များ သို့မဟုတ် ဆရာထောက်ပံ့ကြေးငွေများကို ဆယ့်နှစ်လကျော်ကြာ မရရှိခဲ့ပါ။ အသိအမှတ်ပြု ပညာရေးကို ဤပညာရေးလမ်းကြောင်းနှင့် သက်ဆိုင်သူအားလုံးက ပညာရေး၏ တန်ဖိုးအရှိဆုံး ကဏ္ဍများထဲမှ တစ်ခုအဖြစ် မှတ်ယူကြသော်လည်း၊ DAE ထံမှ စီမံခန့်ခွဲရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆုံးရှုံးနိုင်သည့် အလားအလာရှိသောကြောင့် ဤဒုတိယအကြိမ်နှင့် မကြာခဏဆိုသလို နောက်ဆုံးအကြိမ်ဖြစ်သော ပညာရေးအခွင့်အရေးသည် ပျောက်ကွယ်သွားမည့် အန္တရယ် ရှိနေပါသည်။ ဤကျောင်းပြင်ပ ပညာရေးလမ်းကြောင်းများ ဆက်လက်တည်ရှိနေပါကလည်း၊ ၎င်းတို့ကို အသိအမှတ်ပြုခြင်း မခံရသော နောင်အနာဂတ် ပရိုဂရမ်များနှင့် လိုက်လျောညီထွေဖြစ်အောင် တွန်းအားပေးခံရနိုင်ပါသည်။

ပညာရေးဝန်ဆောင်မှုပေးသူများသည် ဤလမ်းကြောင်းများကို ကာကွယ်မည်ဆိုပါက ၂၀၂၂ ခုနှစ်၏ ပထမသုံးလတွင် လျင်မြန်ပြီး ခက်ခဲသောဆုံးဖြတ်ချက်များချမှတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဤသုတေသနမှ အထောက်အထားများသည် ထည့်သွင်းစဉ်းစားရန် အဓိကကျသော နယ်ပယ်သုံးခုကို အလေးပေးဖော်ပြထားပါသည်-

**၁. NFPE/NFME အတွက် သိသာထင်ရှားသော လိုအပ်ချက်ရှိနေခြင်း၊**

**၂. အစားထိုးရွေးချယ်စရာလမ်းကြောင်းများသည် အလားအလာနှင့် အန္တရာယ်ပေးနိုင်ခြင်း၊**

**၃. NFPE/NFME တွင် ရင်းနှီးမြှုပ်နှံခြင်းသည် တန်ဖိုးမဖြတ်နိုင်သော တိုးတက်မှုများကို လှုံ့ဆော်ပေးနိုင်ခြင်း တို့ဖြစ်ပါသည်။**



## ၁.၁ NFPE/NFME အတွက် လိုအပ်ချက်


**NFPE/NFME သည် ပညာရေးဆိုင်ရာ သင်ကြားပို့ချမှုတွင် အဓိကကျသော ကွာဟချက်ကို ပေါင်းကူးပေးပါသည်။** အလုပ်လုပ်ကိုင်နေသော အရွယ်လွန်ကျောင်းသားများအတွက်၊ ကျောင်းပြင်ပ ပညာရေးစနစ်များကသာ လိုက်လျောညီထွေရှိသော အချိန်ဇယားများနှင့် ၎င်းတို့၏ မတူကွဲပြားသော လိုအပ်ချက်များအတွက် ကိုက်ညီမှုရှိပြီး အရှိန်အဟုန်ဖြင့် လက်တွေ့ကျသော သင်ရိုးညွှန်းတမ်းများကသာ အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးနိုင်ပါမည်။ ဤသုတေသနတွင် တွေ့ဆုံမေးမြန်းခဲ့သော ကလေးသုံးပုံနှစ်ပုံသည် သူတို့၏ နှစ်သက်ရာ ပညာရေးလမ်းကြောင်းတွင် ဤအင်္ဂါရပ်များထဲမှ အနည်းဆုံးတစ်ခု ပါဝင်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

NFPE/NFME သည် ၎င်း၏လက်ရှိပုံစံတွင် ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိပါက၊ **NFPE/NFME ကျောင်းသားများ၏ မတူကွဲပြားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိသော အစားထိုးနည်းလမ်းတစ်ခုအတွက် သိသာထင်ရှားသော သဘောတူညီမှုမရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တုံ့ပြန်မှုများက ဖော်ပြနေပါသည်။** NFPE/NFME ပညာရေးလမ်းကြောင်းများ၏ အကျိုးကျေးဇူးများနှင့် အားသာချက်များကို ပုံစံတူဖော်ဆောင်ရန်အတွက် သူတို့၏ အစွမ်းကုန် ကြိုးပမ်းအားထုတ်မှုများထဲတွင်၊ ကလေးများနှင့် မိဘအများစုသည် အစားထိုးရွေးချယ်စရာလမ်းကြောင်းများကို ပေါင်းစပ်လုပ်ဆောင်ရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြပြီး၊ MLC ဝန်ထမ်းများသည် ထိုရွေးချယ်မှုများကို ပံ့ပိုးပေးရန်အတွက် NFPE/NFME ပရိုဂရမ်အား လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ **အလွန်စိုးရိမ်ပူပန်စရာကောင်းသည်မှာ၊ NFPE/NFME ပရိုဂရမ်များ ဆက်လက်ရှိမနေပါက ကျောင်းသားများထဲမှ 8% သည် ပညာဆက်သင်ယူတော့မည်မဟုတ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဤကိန်းဂဏန်းသည် လျှော့တွက်ထားသလို ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။**

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ လက်ရှိအခြေအနေများသည် ၂၀၂၂ နှင့် နောက်ပိုင်းကာလများတွင် ရွှေ့ပြောင်းနေထိုင်မှုကို တိုးလာစေနိုင်သော အလားအလာရှိပါသည်။** နယ်စပ်ဖြတ်ကျော်လာသော ကလေးများသည် နိုင်ငံရေးဖိနှိပ်မှု၊ ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခများမှ ထွက်ပြေးလွတ်မြောက်လာရမည်ဖြစ်ပြီး၊ ကျောင်းတွင်းပညာရေးကို အနည်းဆုံး နှစ်နှစ် ဆုံးရှုံးရလိမ့်မည်။ NFPE/NFME ပညာရေး ကွန်ရက်စနစ်တွင် လွန်ခဲ့သည့် ခုနှစ်နှစ်အတွင်း ဂရုတစိုက်ပြုစုပျိုးထောင်ပြီး နောက်ပိုင်းတွင် ရှင်သန်ထွန်းကားလာခဲ့သော ပညာရေးဆိုင်ရာကျွမ်းကျင်မှုသည် ထိခိုက်လွယ်ပြီးအသစ်ရောက်လာသောသူများအတွက် ဘေးကင်းလုံခြုံသော စောင့်ရှောက်မှုကို ပံ့ပိုးပေးရန် ကောင်းမွန်သော အနေအထားတွင်းရှိပြီးနေပြီး ၎င်းသည် ဆက်လက်ရှိနေသင့်ပါသည်။

"မြန်မာနိုင်ငံကို ပြန်သွားချင်တဲ့ ကျွန်တော်/မတို့ရဲ့ကျောင်းသားတွေအတွက်ကတော့ *NFPE* က အကောင်းဆုံးပညာရေးလမ်းကြောင်းတစ်ခု ဖြစ်ပြီးတော့ *NFPE* ရဲ့ သက်သေခံလက်မှတ်ကို သုံးပြီး မြန်မာအစိုးရကျောင်းမှာ ကျောင်းအပ်လို့ရကြောင်း ကျွန်တော်/မတို့ တွေ့ရှိရပါတယ်။"

- *NFPE* ဆရာ/မ




"ကလေးတွေကို ကျောင်းတစ်ခုခုပြီးစေချင်တဲ့ မိဘတွေအတွက်တော့ *NFE* ကအသုံးဝင်တယ်လေ။ အရွယ်လွန်သူတွေနဲ့ တစ်တန်းပြီးတစ်တန်း မြန်မြန်တက်ရမယ့် ကျောင်းသူ/သားတွေအတွက်ကတော့ ဒီ့ထက်ကောင်းတာ မရှိတော့ဘူးလေ။"

- NFPE ဆရာ/မ

"အလိုက်သင့် ပြောင်းလွယ်ပြင်လွယ်တဲ့ ပညာရေးကတော့ အကောင်းဆုံးဘဲလေ။ အလုပ်လုပ်တာဘဲဖြစ်ဖြစ်၊ ကျောင်းတက်တာဘဲဖြစ်ဖြစ် ကျွန်တော်/မတို့ ကလေးတွေရဲ့ ရွေးချယ်မှုပေါ်မှာလည်း မူတည်တယ်လေ။"

- NFPE မိဘ

"ကျောင်းသူ/သားအများစုကတော့ လူမျိုးစုထဲတွေထဲကဖြစ်ပြီးတော့ ဗမာတစ်ချို့လည်းရှိပါတယ်။ ဘာသာစကားကို သူတို့ ကောင်းကောင်း သင်ယူဖို့အတွက် *NFPE/NFME* ပညာရေးလမ်းကြောင်း အသုံးဝင်ပြီးတော့ သူတို့ မြန်မာပြည်ထဲ ပြန်သွားရင် အသုံးလိုလိမ့်မယ်လေ။ ဒါက အနာဂတ်မှာ သူတို့ရဲ့ အခွင့်အရေးတွေကို စတင်ပေးနိုင်ပါတယ်။"

- NFPE ကျောင်းဒါရိုက်တာ

"ကျွန်တော်/မ သင်ချင်တဲ့ ဘာသာရပ်တွေကို ရွေးချယ်နိုင်လို့ ဒီအစီအစဉ်ကို ကြိုက်နှစ်သက်ပါတယ်။ ဥပမာ - ကျွန်တော်/မက စက်ချုပ်ရတာ ကြိုက်တယ်၊ အဲဒါကြောင့် အဒီတစ်ခုကို ရွေးတက်တယ်။ ကိုယ်တိုင် လေ့ကျင့်ရတဲ့ အချိန်အများကြီးရလို့လဲ ကျွန်တော်/မက အဲဒါကို ကြိုက်တယ်လေ။"

- NFPE ကျောင်းသူ/သား

# ၁.၂ အစားထိုးရွေးချယ်စရာလမ်းကြောင်းများသည် အလားအလာနှင့် အန္တရာယ်နှစ်ခုလုံးပေးနိုင်ခြင်း

**မိဘများသည် သူတို့၏ အနာဂတ်နှင့် သူတို့သားသမီးများ၏ အနာဂတ်ကို လွန်စွာမှ မသေချာမရေရာဖြစ်နေပါသည်။** နိုင်ငံရေးအကျပ်အတည်း မတိုင်မီတွင် မိဘအများစုသည် မြန်မာနိုင်ငံသို့ ပြန်ရန် ရည်ရွယ်ထားခဲ့သည်။ အသိအမှတ်ပြုခြင်းခံထားရသော NFPE/NFME ပညာရေးသည် သူတို့၏ကလေးများကို ပညာဆက်လက်သင်ယူနိုင်ခွင့် ပေးခဲ့လိမ့်မည်။ ယနေ့မှာဆိုလျှင်ဖြင့် NFPE/NFME ကျောင်းသားများ၏ 77% သည် သူတို့၏အနာဂတ်ကာလအတွက် ထိုင်းနိုင်ငံတွင်သာ ဆက်လက်နေထိုင်ပါမည်။ အကယ်၍ NFPE/NFME ဆက်ရှိမနေနိုင်ပါက သို့မဟုတ် မိဘများနှင့် ကျောင်းသားများသည် NFE လမ်းကြောင်းကို ဆက်မရွေးချယ်ပါက၊ ကလေးများနှင့် လူငယ်များသည် အစားထိုးရွေးချယ်စရာ ပညာရေးလမ်းကြောင်း ငါးခုကို ရင်ဆိုင်ကြုံတွေ့ရမည် -

၁. MLC ကျောင်းတွင်း သင်ရိုးညွှန်းတမ်း၊
၂. ထိုင်းကျောင်းတွင်း သင်ရိုးညွှန်းတမ်း၊
၃. ထိုင်း NFE၊
၄. အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ နေအိမ်အခြေပြု ပညာသင်ကြားခြင်းလမ်းကြောင်း၊ သို့မဟုတ်
၅. အသက်မွေးဝမ်းကြောင်းအတွက်ရွေးချယ်စရာများကို ရှာဖွေခြင်းတို့ဖြစ်ပါသည်။

လမ်းကြောင်းတစ်ခုစီတိုင်းသည် အပြောင်းအလဲတစ်ခုကို ကိုယ်စားပြုသောကြောင့် ၎င်းတို့သည် မတူညီသော အားသာချက်များနှင့် အားနည်းချက်များကို ယူဆောင်လာပါသည်။ **NFPE/NFME ပရိုဂရမ်များထဲတွင် လက်ရှိစာရင်းသွင်းထားသော ကျောင်းသူ/သားများအတွက် ရှင်းလင်းတိကျသော အစားထိုးရွေးချယ်စရာများ မရှိပါ။ ကျောင်းသူ/သားနှင့် မိသားစုတိုင်းသည် သူတို့၏ တစ်ဦးချင်းစီအခြေအနေများနှင့် သက်ဆိုင်သော လမ်းကြောင်းတစ်ခုစီ၏ အားသာချက်များနှင့် အားနည်းချက်များကို အသေအချာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါလိမ့်မည်။**

## Mapping of Migrant Education Pathways

| Pathway | NFPE | NFME | MLC formal education program | Home-Based Learnin provided by the NUG | Thai formal education | Thai Non-Formal Education (Kor-sor-nor) | Vocational Training |
|---|---|---|---|---|---|---|---|
| Entry requirements | Read/Write Burmese | Grade 4 Certificate | – | | – | Thai Entrance Exam (read & write Thai) | CERTIFICATE High School |
| Eligible ages | 10 | 13 | 4-5 | 4-5 | 4-5 | 15+ | 18+ |
| Length of program (years) | 2 | 3 | 12 | 12 | 12 | 6 | 1-2 |
| Language of Instruction | | | | | | | |
| Subjects included | Myanmar, English, Maths, Social, Income generating, General subject | ICT, Vocational skills, Life skills, Social skills | Myanmar, English, Maths, Social | Myanmar, English, Maths, Social, | Thai, English, Maths, Social | Thai, English, Maths, Social | Thai, English, Life Skills, Vocational Skills |
| Recognized certification | | | | ? | | | |
| Costs | | | | | | | |
| Who is this pathway most suitable for? | Overage, dropout | Overage, dropout. Usually NFPE graduates. | Migrant children who want a Myanmar education | Migrant children who want a Myanmar education | Migrant children who will stay in Thailand for a long time | Migrant children who will stay in Thailand for a long time and want flexibility | Migrant youth seeking employment in Thailand |
| Full time/part time | အချိန်ပိုင်း | အချိန်ပိုင်း | အချိန်ပြည့် | အချိန်ပြည့် | အချိန်ပြည့် | အချိန်ပိုင်း | အချိန်ပြည့် |

ပုံ ၁ - ရွှေ့ပြောင်းပညာရေး လမ်းပြမြေပုံ

**ဆရာ/မများနှင့် ကျောင်းဒါရိုက်တာများ၏ ရှုထောင့်မှကြည့်လျှင်၊ MLC ၏ ကျောင်းတွင်းသင်ရိုးညွှန်းတမ်းသည် အချောမွေ့ဆုံးသောအသွင်ကူးပြောင်းမှုကို ဖေါ်ဆောင်ပေးပါသည်။** ကျောင်းသူ/သားများသည် ယခင်က သူတို့လေ့လာခဲ့သည့်အရာများနှင့် ကိုက်ညီမှုရှိသော သင်ရိုးညွှန်းတမ်းကို သူတို့၏ မိခင်နိုင်ငံဘာသာစကားဖြင့် ပညာဆက်လက်သင်ကြားနိုင်မည်ဖြစ်သည်။ NFME/NFPE ပရိုဂရမ်အများစုသည် MLC ကျောင်းများမှတဆင့်လည်ပတ်နေပြီး MLC ဝန်ထမ်းများနှင့် သူတို့တာဝန်ထမ်းဆောင်နေသော အသိုင်းအဝိုင်းများကြားတွင် ခိုင်မာသောပရော်ဖက်ရှင်နယ်ဆန်ဆန် ဆက်ဆံရေးများရှိပါသည်။ NFPE/NFME ကျောင်းသူ/သားများအတွက် MLC ကျောင်းတွင်းသင်ရိုးညွှန်းတမ်းတွင် အဓိကအားနည်းချက်နှစ်ခုရှိပါသည်။

ပထမအချက်မှာ၊ ပညာရေးလမ်းကြောင်းသည် အချိန်ပြည့်ဖြစ်ပြီး၊ ယခုအချိန်တွင် သင်ယူလေ့လာသူများအတွက် အလုပ်နှင့်ကျောင်းတစ်ပြိုင်နက် တက်ခွင့်ပေးသည့် လိုက်လျောညီထွေမှုရှိသောအချိန်များတွင် အတန်းများကို စီစဉ်ပေးထားခြင်းမရှိပါ။ ဒုတိယအချက်မှာ၊ NFPE/NFME ကျောင်းသူ/သားများသည် သူတို့လက်ရှိလေ့လာသင်ယူနေသော အတန်းကိုတက်ရောက်ရန် လိုအပ်သောကြောင့် သူတို့ထက် အသက်နှစ်ပေါင်းများစွာငယ်သည့် ကျောင်းသူ/သားများနှင့် အတန်းတူတူ တက်ရောက်မှုကို ဖြစ်စေပါသည်။ လိုက်လျောညီထွေမှုရှိသော အချိန်ဇယားများနှင့် သက်သူရွယ်တူ ကျောင်းသူ/သားများနှင့် သင်ယူနိုင်မှုကို ကျောင်းသားများနှင့် မိဘများက သူတို့ကြိုက်နှစ်သက်သော ပညာရေးလမ်းကြောင်းအတွက် အရေးကြီးသောဦးစားပေးများ အဖြစ် ထပ်ခါတလဲလဲ ဖော်ပြခဲ့ပါသည်။

သဘောတရားအရ၊ ထိုင်း NFE စနစ်သည် MLC တွင်လည်ပတ်နေသည့် NFPE/NFME စနစ်များကဲ့သို့ တူညီသော ကောင်းကျိုးများစွာကို ပေးပါသည် - ၎င်းသည် အရွယ်လွန်သင်ယူသူများအတွက် အားလုံးပါဝင်ခြင်း၏ အဓိကသွင်ပြင်လက္ခဏာများကို များစွာမျှဝေပေးခြင်း၊ လိုက်လျောညီထွေမှုရှိသော အချိန်ဇယားများနှင့် လက်တွေ့ကျပြီး အရှိန်အဟုန်မြင့်တင်ပေးသော သင်ရိုးညွှန်းတမ်းများကို ဖန်တီးပေးခြင်းနှင့် အရေးကြီးသည်မှာ ထိုးအစိုးရ၏ အသိအမှတ်ပြုခံရခြင်းပင်ဖြစ်ပါသည်။ **သို့သော်လည်း၊ လေ့လာသင်ယူသူအများအပြားအတွက် သိသာထင်ရှားသောအတားအဆီးတစ်ခုမှာ ဝင်ခွင့်လိုအပ်ချက်များအတွက် အခြေခံထိုင်းစာတတ်မြောက်မှုဖြစ်ပါသည်။** ထို့အပြင်၊ ယူနီဖောင်းများ၊ ကျောင်းသုံးပစ္စည်းများအတွက် နောက်ထပ် မမြင်နိုင်သောကုန်ကျစရိတ်များ ရှိနေပြီး သယ်ယူပို့ဆောင်ရေး စီစဉ်ပေးခြင်းနှင့် ပတ်သက်၍ မိဘများက စိုးရိမ်နေကြပါသည်။

ထိုင်းနိုင်ငံ ကျောင်းတွင်းပညာရေးလမ်းကြောင်းသည် NFPE/NFME ကျောင်းသားများအတွက် သင့်လျော်သည်ဟု ကျောင်းဒါရိုက်တာများနှင့် ဆရာ/မများစွာက ယုံကြည်ကြသော်လည်း၊ ကျောင်းသူ/သား၊ မိဘများနှင့် သူတို့၏ကလေးများသည် ၎င်းကို အလားအလာအနည်းဆုံးသောလမ်းကြောင်းများထဲတွင် အဆင့်သတ်မှတ်ထားပါသည်။ ၎င်းသည် MLC ကျောင်းတွင်းသင်ရိုးညွှန်းတမ်း၏ အားနည်းချက်များ (အချိန်ပြည့် ကျောင်းတက်ရခြင်း၊ လိုက်လျောညီထွေရှိသော အချိန်ဇယားမရှိခြင်း၊ ငယ်ရွယ်သော အတန်းဖေါ်များနှင့် လေ့လာသင်ယူရန် လိုအပ်ခြင်း) နှင့် ထိုင်း NFE ပညာရေးလမ်းကြောင်း၏ အားနည်းချက်များ (ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများရှိခြင်း၊ အပိုကုန်ကျစရိတ်များရှိခြင်း) တို့ကို ပေါင်းစပ်ထားသည်။

**ထိုင်းနိုင်ငံတွင် ရေရှည်နေထိုင်လိုသော ကျောင်းသူ/သားများအတွက်၊ ထိုင်းနိုင်ငံပညာရေးတွင် ကျောင်းအပ်နှံပေးခြင်းသည် အသင့်လျော်ဆုံး ရွေးချယ်မှုဖြစ်နိုင်ပါသည်။** ထိုင်းဘာသာစကား ကျွမ်းကျင်မှုသည် ကျောင်းသူ/သားများအား အလုပ်အကိုင်ရွေးချယ်ခွင့်များအတွက် လိုက်လျောညီထွေမှုအရှိဆုံးနှင့် လက်တွေ့ကျဆုံးသော လမ်းကြောင်းကို ဖေါ်ဆောင်ပေးပါသည်။ သို့သော်လည်း၊ ထိုင်းစာကို စိတ်ဝင်စားမှုမရှိသော ကျောင်းသူ/သားများ သို့မဟုတ် မြန်မာပြည်သို့ ပြန်ရန် ရည်ရွယ်ထားသော ကျောင်းသူ/သားများအတွက် MLC ၏ ကျောင်းတွင်းသင်ရိုးညွှန်းတမ်းလမ်းကြောင်းသည် အသင့်လျော်ဆုံး ဖြစ်နိုင်ပါသည်။ မိဘများအားလုံး ထည့်သွင်းစဉ်းစားရမည့် နောက်ဆုံးတစ်ချက်မှာ COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ MLC ကျောင်းများသည် ထိုင်းအစိုးရကျောင်းများထက် ပိုမိုတင်းကျပ်သော ကန့်သတ်ချက်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ထိုင်းအစိုးရကျောင်းများသည် ပုံမှန်ပညာသင်ကြားမှုကို MLC ကျောင်းများထက် များစွာစောပြီး ပြန်လည်စတင်နိုင်ဖွယ်ရှိပါသည်။




**"တစ်ချိန်တည်းမှာ အလုပ်လုပ်ပြီး စာသင်ယူနိုင်တဲ့ ပညာရေး လမ်းကြောင်းကို ကျွန်တော်/မ လိုချင်ပါတယ်။ တစ်တန်းပြီး တစ်တန်း မြန်မြန်တက်နိုင်ဖို့နဲ့ အသက်မွေးဝမ်းကြောင်းလမ်းကို ညွှန်ပြပေးနိုင်တဲ့ ပညာရေးလမ်းကောင်းကို ကျွန်တော်/မ လိုချင်ပါတယ်။"**

- NFPE ကျောင်းသူ/သား

# ဘေးကင်းလုံခြုံစေသော စောင့်ရှောက်မှု

**ရွှေ့ပြောင်းမိဘများနှင့် သူတို့၏ ကလေးများသည် ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းများအကြား မဖြစ်နိုင်သော ဆုံးဖြတ်ချက်များနှင့် မကြာခဏ ရင်ဆိုင်ရလေ့ရှိပါသည်။** ပုံ ၁ နှင့် ၂ သည် မိသားစုများ၏ ဆုံးဖြတ်ချက်ချခြင်းအတွက် နောက်ထပ် လမ်းညွှန်ချက်ကို ဖေါ်ပြထားပါသည်။ **NFPE/MFME ၏ ဘေးကင်းလုံခြုံစေသောစောင့်ရှောက်မှုကို ဆုံးရှုံးခြင်းသည် ဆုံးဖြတ်ချက်ချခြင်းကို ပိုမိုခက်ခဲစေလိမ့်မည်။** COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ရွှေ့ပြောင်းကလေးငယ် ၅ ဦးထဲမှ ၁ ဦးသည် ပညာရေးမှတ်တမ်းများထဲမှ ပျောက်ကွယ်သွားခဲ့ပါသည်။ **NFPE/NFME ဆုံးရှုံးမှုသည် ကျောင်းပြင်ပရောက် ကလေးငယ်များ ပညာပြန်လည်သင်ကြားနိုင်ခြေကို နည်းပါးစေလိမ့်မည်။**




ပုံ ၂ - ပညာရေးလမ်းကြောင်း ဆုံးဖြတ်ချက်ပြမြေပုံ

**"ကျွန်တော်/မက ကျောင်းသူ/သားတွေကို သူတို့ဘဝ ပိုမိုကောင်းမွန်စေတဲ့ ဘယ်လိုနည်းလမ်းနဲ့မဆို ပညာဆက်လက် သင်ယူစေချင်တယ်။ ဥပမာ- မြန်မာပြည်ထဲမှာ တက္ကသိုလ်တက်ချင်တဲ့ ကျောင်းသူ/သားတွေက မြန်မာပြည် အထက်တန်းကျောင်းကို အောင်ရမယ်၊ နိုင်ငံခြားမှာ ပညာသင်ချင်တဲ့သူတွေကတော့ *GED* ဒါမှမဟုတ် *TOEFL* အရည်အချင်းပြည့်မီအောင် လေ့လာသင်ယူ ရမယ်လေ။ "**

\- NFPE ကျောင်းဒါရိုက်တာ



## ၁.၃ NFPE/NFME တွင် ရင်းနှီးမြှုပ်နှံခြင်း

危機

အန္တရာယ် + အခွင့်အလမ်း

အရေးပေါ်အခြေအနေ ကာလအတွက် ပညာရေး စာပေအရေးအသား တစ်လျှောက်လုံးတွင် မကြာခဏ ဖော်ပြခံရလေ့ရှိသော လေ့လာမှတ်သားစရာတစ်ခုမှာ ဘေးကျပ်နံကျပ်ဟူသော ဝေါဟာရအတွက် တရုတ်သင်္ကေတတွင် အန္တရာယ်နှင့် အခွင့်အလမ်းဟူသော အက္ခရာ နှစ်လုံးပါရှိပါသည် (Charland et al. 2021)။ ရှိနှင့်နေပြီးသား NFPE/NFME ပညာရေးလမ်းကြောင်းများသည် အသိအမှတ်ပြုမှုနှင့် ရန်ပုံငွေများ ဆုံးရှုံးမည့် အန္တရာယ်ရှိနေသော်လည်း၊ အကျပ်အတည်းများ အတွင်းတွင် အခွင့်အလမ်းများ ရှိနေနိုင်ပါသည်။ **အကယ်၍ ရှိနှင့်နေပြီးသား NFPE/NFME ပရိုဂရမ်များသည် ၎င်းတို့၏ လက်ရှိပုံစံအတိုင်း ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိပါက၊ NFPE/NFME ပညာရေးကွန်ရက်စနစ်မှ အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများကို ရွှေ့ပြောင်းပညာသင်ယူသူများအား အစားထိုး ရွေးချယ်စရာ လမ်းကြောင်းများတွင် ကူညီပံ့ပိုးပေးသည့် အံဝင်ခွင်ကျဖြစ်သော ဖြည့်စွက်ပရိုဂရမ်များ စီစဥ်ဆောင်ရွက်ခြင်းဆီသို့ ဦးတည်ပေးရန် သင့်လျော်ပေမည်။**

ဥပမာ- ထိုင်းအစိုးရစနစ်များတွင် ပါဝင်လိုသော NFPE/NFME ပညာသင်ယူသူများအတွက်၊ နောက်ထပ်အတန်းများသည် ထိုင်းဘာသာစကား ပံ့ပိုးမှုနှင့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများပံ့ပိုးမှုကို မြန်မာဘာသာဖြင့် စီစဥ်ဆောင်ရွက်ပေးနိုင်ပါသည်။ ဤနောက်ထပ်အတန်းများသည် NFPE/NFME ပညာသင်ယူသူများအား သူတို့၏ ယခုလက်ရှိ လူမှုရေးပံ့ပိုးမှုကွန်ရက်များကို ဆက်လက်ထိန်းသိမ်းထားစေနိုင်ပြီး မြန်မာစာတတ်မြောက်မှုနှင့် ယဥ်ကျေးမှုဆိုင်ရာ နောက်ဆက်တွဲ ကျောင်းပညာရေးကိုလည်း ရရှိစေနိုင်လိမ့်မည်။

ရှိနှင့်နေပြီးသား ပညာရေးလမ်းကြောင်း၏ အလားအလာရှိသောပြုပြင်ပြောင်းမှုအပေါ် NFPE/NFME ပညာရေးနှင့် သက်ဆိုင်သူများအား လမ်းညွှန်ပေးရန်အတွက်၊ ဤသုတေသနသည် အကျပ်းအတည်းနှင့် ပဋိပက္ခဒဏ်ခံရသော အခြေအနေများအတွင်း NFE ၏ ကောင်းဆုံးသော ကျင့်ထုံးများအကြောင်း နောက်ဆုံးတစ်ကြိမ်ပြုလုပ်ခဲ့သော သုတေသနအပေါ်အခြေခံ၍ ရေးဆွဲထားသော ကျင့်ထုံးများနှင့် မူဝါဒများအား ဖြည့်စွက်သုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။ (INEE, 2021)။

| ကျင့်ထုံးများ၏အခြေခံမူများ | မူဝါဒအခြေခံမူများ |
|---|---|
| NFE လုပ်ငန်းစဥ်၏ ပုံစံဒီဇိုင်းနှင့် သင်ကြားပို့ချမှုတွင် အားလုံးပါဝင်နိုင်ရန်နှင့် ကာကွယ်မှုပေးနိုင်ရန် သေချာအောင် ပြုလုပ်ပေးခြင်း။ | အမျိုးသားပညာရေးမဟာဗျူဟာလုပ်ငန်းစဥ်အတွင်း NFE လုပ်ငန်းစဥ်ကို ထည့်သွင်းခြင်း။ |
| NFE ပရိုဂရမ်များတွင် အချိန်၊ နေရာနှင့် သင်ကြားပို့ချမှုပုံစံအလိုက် လိုက်လျောညီထွေမှုကို တည်ဆောက်ပေးခြင်း။ | NFE အခွင့်အလမ်းများရရှိရန် စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်း။ |
| NFE ပရိုဂရမ်များက ကျောင်းပြင်ပလူငယ်များနှင့် ဆယ်ကျော်သက်များ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်းကို သေချာအောင် ပြုလုပ်ပေးခြင်း။ | မူလတန်းလွန် ကျွမ်းကျင်မှုများကို ထည့်သွင်းခြင်းနှင့် NFE မှ ကျောင်းတွင်းပညာရေး၊ မူလတန်းလွန်ပညာရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများဆီသို့ ကူးပြောင်းရေးအတွက် စီစဥ်ဆောင်ရွက်ပေးခြင်း။ |
| ကျန်းမာရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (MHPSS)နှင့် လူငယ်များနှင့် ဆယ်ကျော်သက်များအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ကိုင်တွယ်ဖြေရှင်းပေးသော NFE လုပ်ငန်းစဥ်အလုံးစုံကို စီစဥ်ရေးဆွဲပေးခြင်း။ | NFE ပရိုဂရမ်များကို အသိအမှတ်ပြုခြင်း။ |
| အစီအစဥ်ထဲနှင့် NFE လုပ်ငန်းစဥ်အား အကောင်အထည်ဖော်ရာတွင် လူငယ်နှင့် ဆယ်ကျော်သက်များ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးခြင်း။ | NFE လုပ်ငန်းစဥ်အတွက် ရေရှည်တည်တံ့သော ငွေကြေးထောက်ပံ့မှုကို သေချာကို စီမံဆောင်ရွက်ပေးခြင်း။ |

**နောက်ဆက်တွဲ ၁** ရှိနှင့်နေပြီးသား စာပေကို NFE ၏ အကောင်းဆုံးသော ကျင့်ထုံးများနှင့် ပေါင်းစပ်ခြင်း (INEE, 2021) နှင့် NFPE/NFME ပညာရေးပို့ချပေးသူများအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ်အားပို့ချရာတွင် ထည့်သွင်းစဉ်းစားရန် ဆက်စပ်မှုရှိသော အတွဲလိုက်လမ်းပြမေးခွန်းများကို စီစဉ်ဆောင်ရွက်ပေးခြင်း။

**နောက်ဆက်တွဲ ၂** နောက်ဆက်တွဲ ၁ တွင် ဖန်တီးထားသော ရှုထောင့်မှတစ်ဆင့် လက်ရှိ NFPE/NFME ပရိုဂရမ်များ၏ ကျယ်ပြန့်သော အခြေခံဆန်းစစ်မှုကို တင်ပြခြင်း။

COVID-19 နှင့် မြန်မာ့နိုင်ငံရေး အကျပ်အတည်းမတိုင်မီတွင် ရွှေ့ပြောင်းကလေးများအတွက် NFPE/NFME ပရိုဂရမ်များသည် အကောင်းဆုံးသော ကျင့်ထုံး၏ အခြေခံမှုများကို ခိုင်ခိုင်မာမာ ထင်ဟပ်နေကြောင်းကို ဤသုတေသနမှ ဖေါ်ပြထားသည့် ကျယ်ပြန့်သော အခြေခံဆန်းစစ်မှုက အကြံပြုထားသော်လည်း၊ ဤပူးတွဲအကြပ်အတည်းနှစ်ခုသည် ဆရာ/မများ အလုပ်လုပ်ကိုင်နေရသည့် မူဝါဒဆိုင်ရာ ကဏ္ဍအားလုံးကို သိသိသာသာ ထိခိုက်စေခဲ့ပါသည်။

ယခုလက်ရှိ NFPE/NFME ပရိုဂရမ်များသည် အများစုကိုပါဝင်စေပြီး အကာကွယ်ပေးပါသည် (ကျင့်ထုံး၏အခြေခံမှု ၁)။ NFPE/NFME ပညာရေးဝန်ဆောင်မှုပေးသူများသည် သူတို့၏ကျောင်းသူ/သားများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို အထူးတလည် သတိပြုမိကြောင်း သုတေသနတစ်လျောက်လုံးတွင် ရှင်းရှင်းလင်းလင်းသိရှိရပြီး၊ အချိန်ဇယားများ၊ နေရာများနှင့် သင်ကြားပို့ချသည့် ပုံစံများကို သူတို့၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မကြာခဏ ပြင်ဆင်ညှိနှိုင်းပေးပါသည်။ COVID-19 ကန့်သတ်ချက်များသည် လိုက်လျောညီထွေမှုရှိသောပုံစံဖြင့် ပညာသင်ကြားပို့ချပေးနေသော ဆရာ/မများ၏ အရည်အချင်းအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိသော်လည်း၊ ဆရာ/မများအား အဝေးမှသင်ကြားပို့ချခြင်းနှင့် ပေါင်းစပ်သင်ကြားခြင်းကို လုပ်ဆောင်နိုင်သော ကျွမ်းကျင်မှုအသစ်များကိုလည်း ကူညီပံ့ပိုးပေးခဲ့ပါသည် (ကျင့်ထုံး၏အခြေခံမှု ၂)။

ကျောင်းသူ/သားများသည် တစ်မူထူးခြားသော NFPE/NFME သင်ရိုးညွှန်းတမ်းအား မည်မျှတန်ဖိုးထားခဲ့ကြသည့် အတိုင်းအတာကို မကြာခဏ ပြန်ပြောပြပြီး၊ ဒီ့ထက်မကသော အသက်မွေးဝမ်းကြောင်းနှင့် လက်တွေ့ကျသော သင်တန်းကို သူတို့ပိုတန်ဖိုးထားလိမ့်မည် ဖြစ်သော်လည်း၊ NFPE/NFME ပညာရေးဝန်ဆောင်မှုပေးသူတစ်ချို့သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် နည်းလမ်းများကို ရှာဖွေနေပြီးဖြစ်ပါသည်။ **အဘက်ဘက်ကကြည့်လျှင်၊ NFPE/NFME သည် ကျောင်းပြင်ပ လူငယ်များနှင့် ဆယ်ကျော်သက်များ၏ လိုအပ်ချက်များနှင့် သက်ဆိုင်မှုအလွန်ရှိပါသည်။**

ဤသုတေသန လေ့လာမှုသည် ခွဲခြမ်းစိတ်ဖြာမှုကို ဖေါ်ပြပေးသည့်အပြင် ကလေးများနှင့် မိဘများ၏ အမြင်များအား လူထုပူးပေါင်းပါဝင်မှုရှိသော ပရိုဂရမ်၏ ဒီဇိုင်းနှင့် အကောင်အထည်ဖေါ်သော လုပ်ငန်းအတွင်း ပေါင်းစည်းရေးတွင် ဆရာ/မများနှင့် ကျောင်းဒါရိုက်တာများကို ပံ့ပိုးကူညီရန်အတွက် ကလေးများနှင့် မိဘများ၏ အသံများကိုထပ်ဟပ်စေရန်အတွက် ရည်ရွယ်ထားပါသည် (ကျင့်ထုံး၏အခြေခံမှု ၅)။

**တိုးတက်မှုအတွက် အလားအလာရှိသော ကျင့်ထုံး၏ တစ်ခုတည်းသော နယ်ပယ်မှာ အလုံးစုံပါဝင်သောလုပ်ငန်း ဖြစ်ပါသည် (ကျင့်ထုံး၏အခြေခံမှု ၄)။** NFPE/NFME ပညာရေး ဂေဟစနစ်သည် ရှိနှင့်နေပြီးသား စနစ်များကို တည်မြဲစေရန်အတွက် လုံလောက်မှုရှိသော ပြင်ပအထောက်အပံ့များရရှိရန်လိုအပ်ပြီး၊ အနာဂတ်တွင် ရွှေ့ပြောင်းလာမည့်သူများအတွက် စွမ်းဆောင်ရည်တည်ဆောက်ရန် လိုအပ်ပါက၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ MHPSS နှင့် လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာရှိမှုဆိုင်ရာ စွမ်းဆောင်ရည်များ ပေါင်းစည်းခြင်းတွင် ထပ်မံအာရုံစိုက်ခြင်းဖြင့် ပညာရေးစနစ်အတွက်အကျိုးရှိလာနိုင်ပါသည်။

မြန်မာ့အမျိုးသားပညာရေးမဟာဗျူဟာလုပ်ငန်းစဉ် (ကျင့်ထုံး၏အခြေခံမှု ၁) နှင့်ပေါင်းစည်းရေးအတွက် ဆုံးရှုံးမှု၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုအတွက် အထောက်အပံ့ (ကျင့်ထုံး၏အခြေခံမှု ၂) နှင့် အသိအမှတ်ပြုမှု (ကျင့်ထုံး၏အခြေခံမှု ၄) များအတွက် နောက်ဆက်တွဲ ဆုံးရှုံးမှုများသည် NFPE/NFME ကျောင်းပြီးဆုံးသူများအား မြန်မာနိုင်ငံတွင် နောက်ထပ်ပညာရေးအခွင့်အလမ်းများဆီသို့ ကူးပြောင်းခြင်း (ကျင့်ထုံး၏အခြေခံမှု ၃) မှ ဟန့်တားထားသည့်အပြင် NFPE/NFME ရေရှည်တည်တံ့ခိုင်မြဲမှု (ကျင့်ထုံး၏အခြေခံမှု ၅) ကိုလည်း ဆိုးဆိုးရွားရွားထိခိုက်စေပါသည်။

ဤမူဝါဒဆိုင်ရာ ကဏ္ဍအားလုံး၏ အဟန့်အတားများသည် ရွှေ့ပြောင်းပညာရေးကွန်ရက်စနစ်အတွင်း ကာလအတန်ကြာ တည်ရှိနေသော ပြဿနာများဖြစ်ပါသည်။ NFPE/NFME စနစ်များ စတင်တည်ထောင်ခြင်းသည် ဤစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ထိုင်းနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလာသောကလေးများအတွက် အရည်အသွေးပြည့်မီသော ပညာသင်ကြားနိုင်မှု တိုးတက်စေရေး အတွက် အဓိက သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့ပါသည်။ **NFPE/NFME ပညာရေးလမ်းကြောင်းများ ဆုံးရှုံးခြင်းသည် ရွှေ့ပြောင်းပညာရေးကို ဆယ်စုနှစ်တစ်ခုအထိ နောက်ပြန်ဆုတ်သွားစေလိမ့်မည်။**

NFPE/NFME ပညာရေးလမ်းကြောင်းများသည် ဘယ်သောအခါမှ တူညီနိုင်တော့မည်မဟုတ်သော်လည်း ပညာရေးပံ့ပိုးပေးသူများ၊ ဆရာ/မများ၊ ကျောင်းဒါရိုက်တာများ၊ မိဘများနှင့် ကလေးများ ရရှိခဲ့သော သင်ခန်းစာများကို ဤအစီရင်ခံစာတွင် အဓိကမက်ဆေ့ချ်(၆)ချက်အဖြစ် ရှင်းရှင်းလင်းလင်း အလေးပေးဖော်ပြထားပါသည်-

၁. တာ့(ခ်)ခရိုင်ရှိ ရွှေ့ပြောင်းကလေးများအတွက် NFPE/NFME သည် အံ့သြစရာကောင်းသော အောင်မြင်မှုဖြစ်စဥ်တစ်ခု ဖြစ်နေခဲ့ပါသည်။
၂. ယခုအခါတွင် NFPE/NFME စနစ်သည် ယခင်ကထက် ပိုမိုလိုအပ်ပါသည်။
၃. ယခုအခါတွင် ပြင်ပပံ့ပိုးကူညီမှုများကို ယခင်ကထက် ပိုမိုလိုအပ်နေပြီဖြစ်ပါသည်။
၄. NFPE/NFME သည် ထိန်းသိမ်းထားရုံသာမက ချဲ့ထွင်ရန်လည်း ထိုက်တန်ပါသည်။
၅. အသိအမှတ်ပြုခြင်းခံရသော၊ အရှိန်အဟုန်မြှင့်တင်ပေးသော၊ လိုက်လျောညီထွေမှုရှိသော၊ လက်တွေ့ကျသောနှင့် အားလုံးပါဝင်နိုင်သော ပညရေးလမ်းကြောင်းများသည် ကျောင်းပြင်ပရောက်ကလေးများအတွက် ဘေးကင်းလုံခြုံသော စောင့်ရှောက်မှုတစ်ခု၏ အလွန်တန်ဖိုးရှိသောလက္ခဏာရပ်များ ဖြစ်ပါသည်။
၆. ရင်းနှီးမြှုပ်နှံမှုသည် တည်ဆောက်ထားပြီးသော စနစ်တစ်ခုကို ထိန်းသိမ်းထားပြီး မိုမိုအားကောင်းလာစေနိုင်ပါသည်၊ သို့မဟုတ် တစ်ခုတည်းသော ပညာရေးလမ်းကြောင်းကို တီထွင်ဆန်းသစ်ရန်နှင့် တိုးတက်လာစေရန် ခိုင်မာသော အခြေခံအုတ်မြစ်များပေါ်တွင် တည်ဆောက်နိုင်ပါသည်။

**ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် လက်ရှိဖြစ်ပေါ်နေသော ပညာရေး၏ အရေးပေါ်အခြေအနေကာလတွင် NFPE/NFME ပညာရေးပံ့ပိုးပေးသူများ၏ ချက်ခြင်းအရေးပေါ် လိုအပ်ချက်များမှာ တိကျရှင်းလင်းနေပါသည်-**

**အရင်းအမြစ်များနှင့် ငွေကြေးအထောက်အပံ့**

**ဆရာဖြစ်သင်တန်း**

**အသိအမှတ်ပြုခြင်းအတွက် ပံ့ပိုးကူညီမှု**



# အဓိက အကြံပြုချက်များ

**ထိုင်းနိုင်ငံသားမဟုတ်သော ကလေးများနှင့် လူငယ်များအတွက် ထိုင်း NFE (ကောစော်နော) တက်ရောက်နိုင်မှုကို မြှင့်တင်ပေးပါ-** ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး အလုပ်လုပ်ခဲ့ကြသော ရွှေ့ပြောင်းမိဘများသည် ယခုကဲ့သို့ ခက်ခဲသောကာလအတွင်း သူတို့ကလေးများအတွက် ထိုင်းနိုင်ငံတွင် အသိအမှတ်ပြုထားသော ပညာရေးဆိုင်ရာ ရွေးချယ်မှုများကို တိုး၍ရှာဖွေလာခဲ့ကြပါသည်။ KSN (ကောစော်နော) ဝင်ခွင့်စာမေးပွဲအတွက် ခန့်မှန်းခြေအားဖြင့် ထိုင်းဘာသာစကား အရေး၊ အဖတ်၊ အပြောကျွမ်းကျင်မှုတွင် ၃ တန်းအဆင့်ရှိရန် လိုအပ်ပါသည်။ ဤဘာသာစကားအဟန့်အတားသည် ရွှေ့ပြောင်းကလေးများအား တစ်နိုင်ငံလုံး အသိအမှတ်ပြုထားသော ကျောင်းပြင်ပ ပညာရေးလမ်းကြောင်းအတွင်း ဝင်ရောက်ပညာသင်ကြားရေးကို တားဆီးထားပါသည်။ ထိုင်းစာတတ်မြောက်မှုအဆင့်နိမ့်သောကလေးများအတွက် ဤအလွန်အရေးကြီးသောကွာဟချက်ကို ပေါင်းကူးပေးရန် KSN (ကောစော်နော) အကြိုအစီအစဉ်များ လိုအပ်ပါသည်။ ၎င်းတို့ကို သီးခြားအစီအစဉ်များအဖြစ် သို့မဟုတ် ယခုလက်ရှိ MLC သင်ရိုးညွှန်းတမ်းနှင့် ပေါင်းစပ်ထားနိုင်ပါသည်။

**ထိုင်းနိုင်ငံအတွင်း ကျောင်းပြန်တက်ခြင်းကမ်ပိန်း -** လက်ရှိအနေအထားတွင် ထိုင်းစာသင်ကျောင်းများသည် ရွှေ့ပြောင်းပညာရေးစနစ်များမတိုင်မီ စာသင်ခန်းအတွင်း စာသင်ကြားမှုကို ပြန်လည်စတင်နိုင်တော့မည် ဖြစ်ပါသည်။ ဤသုတေသနသည် ရွှေ့ပြောင်းမိဘများ၏ အဓိကဦးစားပေးနှင့် ပို၍အရေးကြီးသည်မှာ ကလေးများ၏ အဓိကဦးစားပေးများ မည်ကဲ့သို့ ပြောင်းလဲနေသည်ကို မီးမောင်းထိုးပြထားပါသည်။ အများစုမှာ သူတို့၏ မူလရည်မှန်းချက်ထက် ပိုကြာအောင် ထိုင်းနိုင်ငံတွင် ဆက်လက်နေထိုင်ရန် ရည်မှန်းထားပါသည်။ ကြီးမားကျယ်ပြန့်သော "ကျောင်းပြန်တက်ခြင်း" ကမ်ပိန်းသည် ရွှေ့ပြောင်းကလေးများအတွက် အဓိကရည်ရွယ်ပြီး ဘေးကင်းလုံခြုံသော စောင့်ရှောက်မှုကို ပိုမိုကျယ်ပြန့်လာစေရန်နှင့် ပိုများသောကလေးများ ကျောင်းပြန်လာတက်စေရန်အတွက် ယခင်က ပြုလုပ်ခဲ့သော ကမ်ပိန်းများနှင့် ဆင်တူပါသည်။ ၎င်းသည် ထိုင်းနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် အားလုံးအတွက်ပညာရေး ကတိကဝတ်များကို ပြည့်မီရန် ကြိုးပမ်းအားထုတ်မှုများတွင် COVID-19 ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သောအရာတစ်ချို့ကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။

**ကြိုတင်ပြင်ဆင်ထားမှုနှင့် ငွေကြေးထောက်ပံ့မှု-** NFPE/NFME ပညာရေးစနစ်ကဲ့သို့ပင် အသိအမှတ်ပြုခြင်းခံရသော၊ အရှိန်အဟုန်မြှင့်တင်ပေးသော၊ လိုက်လျောညီထွေမှုရှိသော၊ အားလုံးပါဝင်နိုင်သောနှင့် လက်တွေ့ကျသော ပညာရေးလမ်းကြောင်းများသည် ကြိုတင်ခန့်မှန်းနိုင်သော အနာဂတ်တွင် ပိုမိုလိုအပ်လာနိုင်ဖွယ်ရှိကြောင်း ဤသုတေသနက ခန့်မှန်းထားပါသည်။ ဤအစီရင်ခံစာသည် အကြပ်အတည်းကိုသတိပြုရသော ပညာရေးစီမံကိန်းအတွက် အကောင်းဆုံးသော ခေတ်ပြိုင် သုတေသန အလေ့အထနှင့်အညီ ကြိုတင်သတိပေးချက်တစ်ခုကို တင်ပြထားပါသည်။ အစပျိုးခြင်းများကို ဖေါ်ထုတ်ရန်အတွက် နောက်ထပ် သုတေသန ပြုလုပ်ရန် လိုအပ်ပါသည်။ လာမည့်နှစ်များအတွင်း လိုအပ်မှုမြင့်တက်လာနိုင်သည့် အလားအလာများသော အခြေအနေတွင် ကလေးများ၏ သင်ယူမှုနှင့် ကျန်းမာပျော်ရွှင်ခြင်းကို ကာကွယ်ရန်အတွက် ကြိုတင်စီစဉ်ထားသော လှုပ်ရှားမှုအစီအစဉ်များနှင့် ကြိုတင်စီစဉ်ထားသော ဘဏ္ဍာငွေများကို အကောင်အတည်ဖေါ်ရန်အတွက် ချက်ချင်းလုပ်ဆောင်ချက် လိုအပ်ပါသည်။

**အသိအမှတ်ပြုခြင်းခံရသော အစားထိုးပညာရေး အခွင့်အလမ်းများကို ရှာဖွေခြင်း–** အရည်အသွေးပြည့်မီသော ပညာရေးကို အသိအမှတ်ပြုခြင်းဖြင့် မသတ်မှတ်သော်လည်း၊ အသိအမှတ်ပြုခြင်းသည် အရည်အသွေးအတွက် တွန်းအားဖြစ်စေပြီး ကျောင်းသားများအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေပါသည်။ မြန်မာ့နိုင်ငံရေး အကျပ်အတည်း ပါရာဒိုင်းပြောင်းခြင်းကြောင့် အသိအမှတ်ပြုခံရခြင်း ဆုံးရှုံးမှုကို သက်ဆိုင်သူအားလုံးက ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသော နိုင်ငံတကာ အသိအမှတ်ပြုစနစ်များကို အစပျိုးနိုင်ခြင်း ရှိ၊ မရှိ သုံးသပ်ရန်အတွက် နောက်ထပ် စူးစမ်းလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။နိုင်ငံတကာ အထွေထွေ အလယ်တန်းပညာရေးလက်မှတ် (iGCSE) သည် စူးစမ်းလေ့လာသင့်သော ရွေးချယ်မှုတစ်ခုဖြစ်ပါသည်။

**"လမ်းကြောင်း ၂ ခု ပါပုံစံများ" ကို တိုးချဲ့ခြင်း-** ပူးပေါင်းပါဝင်သော ရွှေ့ပြောင်းကျောင်းတစ်ချို့သည် ၎င်းတို့၏ ကျောင်းသူ/သားများအတွက် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့်အတူ မြန်မာကျောင်းပြင်ပ အခြေခံပညာရေး (NFPE) နှင့် ထိုင်းအစိုးရ ကျောင်းပြင်ပ ပညာရေး (NFE) ကဲ့သို့ အခြားသော အသိအမှတ်ပြု ပညာရေးလမ်းကြောင်းကို ပံ့ပိုးပေးပါသည်။ ဤလမ်းကြောင်းပေါင်းစုံ ပုံစံများသည် ကလေးများအား ထိုင်းနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံလုံးတွင် ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် သေချာစေရန် လုပ်ဆောင်ပေးပါသည်။ အရွယ်လွန်ပြီး အလုပ်လုပ်ကိုင်နေကြသော ကလေးများ သို့မဟုတ် လူငယ်များအတွက် ကျောင်းဆင်းချိန် အတန်းများ သို့မဟုတ် ညကျောင်းအတန်းရွေးချယ်မှုများမှာ ဖြစ်နိုင်ချေရှိပါသည်။ အထူးသဖြင့် ဤပြည့်စုံသော ပုံစံများအား အတိုင်းအတာတစ်ခုအထိ ချဲ့ထွင်ရန်အတွက် ထိုင်း NFE ဆရာများကို ငှားရမ်းရန် အရင်းအမြစ်များ လိုအပ်ပါသည်။



# တာ့(ခ်)ခရိုင်တွင်ရှိသော ကျောင်းပြင်ပပညာရေး၏ အသံများ


“ဒီအခြေအနေက ကျွန်တော်/မကလေးရဲ့ အနာဂတ်အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာကို ဘယ်လိုပြောရမလဲမသိတော့ဘူး။ ကျွန်တော/မ ဘာမှမပြောတတ်တော့ဘူး။ အရင်ကတော့ မြန်မာပြည်ပြန်ဖို့ စီစဥ်ထားတာ၊ ဒါပေမယ့် အခုတော့ လမ်းပျောက်နေပြီး။ ကျွန်တော်/မ ဘယ်လမ်းကြောင်းကို ရွေးရမလဲ။” - NFPE မိဘ

“ကျောင်းက ပြန်ဖွင့်ပါအုံးမလား။ ကျွန်တော်/မ အသက်ကြီးလာပြီး။ ကျွန်တော်/မ ဘာလုပ်ရမလဲ။ အလုပ်လုပ်ရမလား။” - NFPE ကျောင်းသူ/သား

“ကျွန်တော်/မလိုမျိုး ပညာမပြည့်စုံတဲ့အဖြစ်မျိုးကို ကျွန်တော်/မရဲ့ ကလေးကို ပေးမဖြစ်စေချင်ဘူး။” - NFPE မိဘ

"*NFPE* ပရိုဂရမ်မှာ တက်နေတဲ့ကျောင်းသူ/သားတွေက သူတို့ရဲ့ အခွင့်အရေး ဆုံးရှုံးတယ်လေ။ *NFPE* ဆရာ/မတွေကတော့ လခမရဘူးပေါ့။ ကျွန်တော်/မတို့ တအားသိမ်ငယ်တယ်။ ကျွန်တော်/မတို့ရဲ့ ကျောင်းသူ/သားတွေက ကျောင်းဘယ်တော့ဖွင့်မလဲမေးတယ်။ သူတို့ကျောင်းပြန်တက်ရမှာပါ လို့ဘဲ ကျွန်တော်/မတို့ ပြောနိုင်တယ်။" - NFPE ကျောင်းဒါရိုက်တာ







ဤသုတေသနကို **TeacherFOCUS** နှင့် **Help without Frontiers Thailand Foundation (HwF)** တို့မှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



စာရေးသူ - **Tom Lowe**

သုတေသန ကြီးကြပ်ကွပ်ကဲရေးမှူးနှင့် ဂရပ်ဖစ်ဒီဇိုင်း - **Lawi Chan**

အယ်ဒီတာ - **Greg Tyrosvoutis**

စာစီစာရိုက်နှင့်ဒီဇိုင်း - **Lauriane Andriamampianina**

သုတေသနအဖွဲ့ - Naing Win, Tin Zar, Nwet Nwet Win, Naw Th'Blay Moo, Naw Nay Yu Paw, Paw Paw, Aye Aye Lin, Kyar Htay, Saw Lar Bar Tun, Aung Naing Soe, နှင့် Jonathan Jordan.



**https://www.teacherfocusmyanmar.org**
**https://helpwithoutfrontiers.org/**